
mgyoe.com



# ပျော်ရွှင်ဖွယ်ရာ စိတ်ကမ္ဘာ

စိုင်းဝင်းမြိုင့်စီစဉ်သည်။

mgyoe.com

9 789997 118226

mgyoe.com



ISBN 9789997118226
POEM74
9 789997 118226
1,500.00KS

mgyoe.com

ပျော်ရွှင်ဖွယ်ရာ စိတ်ကမ္ဘာ၊ နေအေဒီ
မျက်နှာဖုံးပန်းချီ - ဘငွေကြည်
စာမျက်နှာ ၇၀++ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ ·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀။

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပျော်ရွှင်ဖွယ်ရာ စိတ်ကမ္ဘာ

နေအောဒီ

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိုများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe.com

## မာတိကာ


※ **နေအောဒီရဲ့ ကဗျာ၊ နေအောဒီရဲ့ 'ငါ'** .......... က

၁။ ရထားဝေးနေသေးသည် .......... ၁

၂။ ထောင့်ဖြတ်လိုင်းတွေက အဖွင့်ပိုင်းမှာ .......... ၃

၃။ ကောင်းမွန်တဲ့အရာတွေ မင်းထိတွေ့ပါစေ .......... ၅

၄။ အင်္ဂတေပေါ်က အက်ကွဲရာများဖြင့် .......... ၇

၅။ ချိန်းဆိုမှုမလုပ်ခင် သင်မေးချင်တာတွေကို
ချရေးပြီး အရင်လေ့ကျင့်နိုင်ပါတယ် .......... ၉

၆။ လွှမ်းမိုးချုပ်ကိုင်မှုဟာ အခရာ .......... ၁၁

၇။ ဗလာထဲအိပ်မက်တွေခုန်ချ .......... ၁၂

၈။ အကြြင်နာမဲ့လိုက်တာ .......... ၁၃

၉။ ငိုရမယ့်ကိစ္စရယ်ပြီဆိုမလွယ်တော့ဘူး .......... ၁၄

၁၀။ လက်ဖဝါးတွေကြြယ်ကို ထိကပ်တဲ့အခါ .......... ၁၅

၁၁။ ငှါမှာတော်တော်များများ .......... ၁၇

၁၂။ ဟုတ်တယ် ပြဿနာ .......... ၁၈

၁၃။ သတိမုန်တိုင်းငယ် .......... ၁၉

၁၄။ အားလုံးသိတဲ့အတိုင်း ပျော်ရွှင်မှုဟာ အယောင်ဆောင် ...... ၂၁


mgyoe.com

mgyoe.com


၁၅။ အမုန်း . . . . . . . . . . ၂၃

၁၆။ သို့ မျှားစွာ . . . . . . . . . . ၂၄

၁၇။ ပင်လယ် . . . . . . . . . . ၂၅

၁၈။ ဟယ်လို ဖေဖေ . . . . . . . . . . ၂၆

၁၉။ ဘာလို့ဖက်တွယ် . . . . . . . . . . ၂၇

၂၀။ ချစ်လှစွာသော ငါမျှားစွာအတွက် . . . . . . . . . . ၂၉

၂၁။ ပျော်ရွှင်ဖွယ်ရာ စိတ်ကမ္ဘာ . . . . . . . . . . ၃၁

၂၂။ ဒီဂျားဗူး (Deja Vu) . . . . . . . . . . ၃၃

၂၃။ ပိုင်ရှင်မဲ့အလောင်းရဲ့ကိုယ်ရေးကိုယ်တာ . . . . . . . . . . ၃၅

၂၄။ ရယ်လိုက်သဖြင့် ဝေဒနာက နာကျင်သွားသည် . . . . . . . ၃၇

၂၅။ အသုံးပြုမှုဟာ ဆေးပုလင်းခွံတွေဖြစ်ပွားလျက် . . . . . . . ၃၈

၂၆။ ဖန်ဆင်းခံသတ္တဝါမှာ မျက်လုံးတွေရှိလား . . . . . . . . . . ၄၀

၂၇။ သတိရတယ်ဆိုတာ ALASKA ရဲ့နှင်းတွေဖုံးသွားတဲ့
ကျောက်တုံးပေါ်က နာမည် . . . . . . . . . . ၄၁

၂၈။ မင်းလျှောက်မယ့်လမ်း . . . . . . . . . . ၄၂

၂၉။ အသွေးအသားနဲ့ ရောနှောနေတဲ့ရေတံခွန် . . . . . . . . . . ၄၃

၃၀။ ကောင်းကင်ထောင့်မှာ ပြတင်းတစ်ပေါက်ပွင့်နေခဲ့တယ် . . . . . . . ၄၄

၃၁။ အထိအခိုက်မျှားစွာနှင့် ရေိယာပြင်ပအဝေး . . . . . . . . . . ၄၅

၃၂။ မျှော်လင့်နေမှုဟာ အဆိပ်မိထားသလို ရုပ်ဖျက်သေဆုံးနေ . . . . ၄၆

၃၃။ ကျောက်ကပ်တစ်ခြမ်းနဲ့ ငြိမ်းချမ်းရေးယူထားတဲ့
အနာဂတ်ဝှက်ဖဲတစ်ချပ် (or) BULIMIA ဆာလောင်ရောဂါ . . ၄၇

၃၄။ မင်းကရေမှာ အရုပ်လို ငါ့ကိုရေးခဲ့တာ . . . . . . . . . . ၄၉

၃၅။ အစက အူတွေအကြောင်း ငါ လုံးလုံးစိတ်မဝင်စားမိ . . . . . . . ၅၁

၃၆။ အသံတိတ် မာစတာဘိတ် . . . . . . . . . . ၅၂

၃၇။ လှုပ်လှုပ်ခတ်ခတ် ဘာအတွက် အသက်ရှင်နေတာလဲ . . . . . . . ၅၄

၃၈။ ပျော်ရွှင်ပါစေ အိမ်ကလေး . . . . . . . . . . ၅၅

၃၉။ တိတိပပဝေးကြပြီဆို မျက်လုံးတွေ မှိတ်ချလိုက်မယ် . . . . . . . ၅၆


mgyoe.com

mgyoe.com

၄၀။ ပြတ်ရှမှုတိုင်းရဲ့ နာကျင်မှုကိုယ်ထည်များ . . . . . . . . . . . ၅၇
၄၁။ ကျေနပ်ပါ သူမတို့အားလုံးဟာ တကယ့်မြွေတွေ . . . . . . . ၅၉
၄၂။ သတိရခြင်းမှာ သူမက လူသေ . . . . . . . . . . ၆၁
၄၃။ ချုပ်ရိုးလိုင်းများဟာ ဆက်လက်၍ ဒဏ်ရာများကို . . . . . . . ၆၃
၄၄။ အဆုံးထိလျှောက်ကြည့်တော့ဗလာ . . . . . . . . . . ၆၄
၄၅။ အမေ – အဖေ . . . . . . . . . . ၆၆
၄၆။ ကမ္ဘာတစ်ခုရဲ့မျက်လုံးတွေ . . . . . . . . . . ၆၇
၄၇။ ဒီဆန်းဒေးမှာစောင့်ရှောက်ခွင့်ရလိုပါ၏ဘုရား . . . . . . . . . . ၆၉

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# နေအောဒီရဲ့ ကဗျာ၊ နေအောဒီရဲ့ 'ငါ'

(၁)

နေအောဒီဟာ သူ့ကဗျာစာအုပ်အတွက် ကဗျာတွေရွေးပြီး အမှာစာပါ တစ်ပါတည်းရေးဖို့ တောင်းဆိုလာပါတယ်။ ရင်းနှီးမှုသိပ်သည်းဆအရအပြင် သူ့လုံးချင်းကဗျာစာအုပ်လေး ထွက်သင့်ပြီဆိုတဲ့အမြင်နဲ့ ကျွန်တော်လက်ခံလိုက်ပါတယ်။ ကဗျာပုဒ်တွေကိုဖတ်ပါတယ်။ အမှာစာရေးဖို့အတွေးစတွေရှာပါတယ်။ ကဗျာပုဒ်တွေဖတ်ရင်းနဲ့ ကျွန်တော့်စိတ်ထဲ ရုတ်တရက်ဝင်လာတာက ကိုယ်ဟာ ကဗျာတွေဖတ်နေတာ၊ နေအောဒီကိုဖတ်နေတာမဟုတ်ဘူးဆိုတာပါပဲ။ ဖတ်နေတဲ့ကဗျာပုဒ်တွေမှာလည်း ကဗျာပုဒ်တွေထဲက 'ငါ' ရဲ့အသံ (ဝါ) စကားသံဟာ ရှောင်လွှဲလို့မရအောင်ကို စူးရှကျယ်လောင်နေတာတွေ့ရပါတယ်။ အဲဒါကို ကျွန်တော် လိုက်စီးမျောလိုက်ပါတော့တယ်။ နေအောဒီရဲ့ကဗျာ၊ နေအောဒီရဲ့ 'ငါ'။

'ကဗျာ' ကို ဒီအမှာစာမှာ ဖတ်သူရဲ့ ဖတ်ရှုပုံ/ဖတ်ရှုခြင်းအားဖြင့် အရေးအသား/စာသားမှ ရရှိတဲ့ ရသအာရုံခံစားမှုလို့ ဆိုချင်ပါတယ်။ ဆိုလိုတာက 'ပစ္စည်း' ထက် ထို 'ပစ္စည်း' ကပေးတဲ့ (ဝါ) ထို 'ပစ္စည်း' ကရရှိတဲ့ ရသဆိုင်ရာ အာရုံခံစားမှုဖြစ်ပါတယ်။ တစ်နည်းအားဖြင့်

mgyoe.com

mgyoe.com



ပြောရရင် ကဗျာပုဒ်ကပေးတဲ့ (ဝါ) ကဗျာပုဒ်မှ ဖတ်ခြင်းအားဖြင့် ရရှိတဲ့ ရသအာရုံ ခံစားမှုကို ဆိုလိုတာဖြစ်ပါတယ်။ ဒီရသအာရုံခံစားမှုက ဘယ်ကလာသလဲဆိုတော့ သုံးပွင့်ဆိုင်ကိစ္စရဲ့ အနက်အရှိုင်းပဲဖြစ်ပါတယ်။ ရေးသူထံမှ၊ အရေးအသား/စာသားထံမှ နဲ့ ဖတ်သူထံမှတို့ ဖြစ်ကြပါတယ်။ တိုင်းတာတွက်ချက်ပြလို့ရတဲ့အရာမဟုတ်သလို အကွက်ချဖမ်းပြလို့ရတဲ့အရာမျိုးလည်း မဟုတ်ပါဘူး။ ပုဂ္ဂလအဇ္ဈတ္တရဲ့ အတ္တနောမတိပိုင်းထဲ လုံးလုံးရောက်ရှိဖြစ်ပေါ်တဲ့အရာလို့ပဲ ကျွန်တော်ယူဆပါတယ်။ တစ်ယောက်နဲ့တစ်ယောက် မတူနိုင်ကြတဲ့သဘော၊ တစ်ပြေးညီမျဉ်းကြောင်း ဆွဲပြမရတဲ့သဘော၊ ဧကသဘောမဟုတ်ဘဲ ဗဟုသဘောဖြစ်နေလို့ပါပဲ။

ကဗျာဖြစ်ဖို့ ရည်ရွယ်ပြုလုပ် 'ဖန်တီး' ထားတဲ့အတွက် ကဗျာလိုပဲ ဖတ်ပြီး ကာယကံရှင် နေအေဒီရဲ့ ပုဂ္ဂလခံစားချက်ဖွင့်ဟဝန်ခံမှု 'ကွန်ဖက်ရှင်နယ်' အရေးအသားလို့ မဖတ်ပါဘူး။ ကဗျာပုဒ်ထဲက 'ငါ' ကို နေအေဒီရဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ 'ငါ' autobiographical 'I' (ဝါ) 'ငါ' = နေအေဒီလို့မယူဘဲ ကဗျာပုဒ်ထဲက 'ငါ' Lyric 'I' လို့ယူပါတယ်။ နေအေဒီရဲ့ တကယ့်အဖြစ်အပျက်တွေကို ပြောပြနေတာဆိုတာထက် ကဗျာဖွဲ့နေတာဆိုတာကို အာရုံပြုပါတယ်။ ဒီ 'ငါ' ဟာ နေအေဒီကိုယ်တိုင်လား၊ နေအေဒီရဲ့ ကိုယ်ပွားလား၊ ကိုယ်စားလား စတာတွေကို ကျွန်တော် လျစ်လျူရှုလိုက်တာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ကဗျာဖတ်ပုံကိုလည်း တည်ဆောက်ချင်လို့ပါ။ ကဗျာပုဒ်ထဲက 'မိမိအတ္တ Self/မိမိ/ငါ' ကိုပဲ ဖတ်တာဖြစ်ပါတယ်။ နေအေဒီကို ဖတ်တာမဟုတ်ပါဘူး။ ကဗျာပုဒ်ထဲက 'ငါ' ရဲ့ ဖွဲ့စည်းမှုကို ဖတ်တာလို့လည်း ပြောလို့ရတာပေါ့လေ မဟုတ်ဘူးလား။

(၂)

လစ်ရစ်က် Lyric ကဗျာဆိုတာ ကဗျာပုဒ်ထဲက ပြောနေသူ 'ငါ' ရဲ့ တွေ့ကြုံခံစားမှုကို ဦးစားပေးဖော်ပြတဲ့ကဗျာဖြစ်ပါတယ်။ ပဝေသဏီ

mgyoe.com

mgyoe.com



ကတည်းက ရှိခဲ့ပါတယ်။ ပုဂ္ဂလိကခံစားမှုကို ဖွဲ့နွဲ့ဖော်ပြတဲ့ကဗျာဖြစ်ပါတယ်။ 'ကဗျာဆိုတာ ကဗျာဆရာရဲ့ ခံစားမှုကို ဖော်ပြတာ' လို့ လက်ခံထားသူတွေအတွက် ကဗျာဆိုတာ လစ်ရစ်က်ဖြစ်ပြီး လစ်ရစ်က်မှ ကဗျာဖြစ်တယ်လို့ အစွဲတကြီးထားတတ်ပါတယ်။ ဒီအစွဲဟာ ရာစုနှစ်နဲ့ချီပါတယ်။ အဲဒီအစွဲကို ပို့စ်မော်ဒန်ဝါဒ၊ ပို့စ်အဆောက်အအုံသီအိုရီတွေနဲ့အတူ ဘာသာစကားကဗျာ Language Poetry (LP) က ၁၉၇၀ ဝန်းကျင်မှာ ဖြိုဖျက်လိုက်ပါတယ်။ အဓိကက လစ်ရစ်က် 'ငါ' နဲ့ ဘာသာစကားပြဿနာဖြစ်ပါတယ်။ အရှည်အဝေးမပြောချင်တော့ပါဘူး။ သိချင်ရင် ကျွန်တော်ရေးသားထားတဲ့ ဆောင်းပါးတွေ၊ စာအုပ်တွေရှိပါတယ်။ မသိချင်ရင်လည်း ရပါတယ်။ ကျွန်တော့်အတွက် ပြဿနာမဟုတ်ပါဘူး။ ၁၉၉၀ ခုနှစ်များရဲ့ အမေရိကန်ကဗျာလောကမှာ ထူးခြားတဲ့ကဗျာ(ပုဒ်)တွေ ပေါ်ထွက်လာခဲ့ပါတယ်။ LP ရဲ့ကဗျာနယ်ပယ်ချဲ့ထွင်မှု၊ ကဗျာရေးနည်းသစ်တွေ တီထွင်သုံးစွဲမှု၊ မိမိအတ္တဆိုင်ရာ၊ ဘာသာစကားဆိုင်ရာ၊ ကဗျာဆိုင်ရာ ရှိရင်းစွဲအသိတွေကို မြေလှန်မှုတို့ကို လက်ခံပြီး လစ်ရစ်က်ကဗျာကို ပြုပြင်ရေးဖွဲ့လာကြတဲ့ ကဗျာတွေ။ LP လည်းမဟုတ်၊ လစ်ရစ်က်လည်းမဟုတ်တဲ့ ဟိုက်ဘရစ်ဒ်ကဗျာတွေ။ Post-Language Lyric 'ဘာသာစကားကဗျာအလွန် လစ်ရစ်က်' လို့ သုံးစွဲခေါ်ဝေါ်လာတဲ့ကဗျာတွေဖြစ်ပါတယ်။

ထားပါတော့။ အမှာစာဟာ ပို့ချမှုမဟုတ်ဘူးလေ။ မဟုတ်ဘူးလား။ နေအေဒီရဲ့ကဗျာတွေဟာ လစ်ရစ်က်တွေဖြစ်ပါတယ်။ 'ငါ' ဗဟိုပြုကဗျာတွေဖြစ်ပါတယ်။ အဲဒီ 'ငါ' ဟာလည်း များသောအားဖြင့် လူ့အဖွဲ့အစည်းရဲ့ တည်ဆောက်ခံ 'လူမှုငါ' ဆိုတာထက် မိမိအတ္တ၊ ပုဂ္ဂလအဇ္ဈတ္တ 'ငါ' ဖြစ်ပါတယ်။ လစ်ရစ်က် 'ငါ' ဖြစ်ပါတယ်။ ကျွန်တော့်အဖို့တော့ လစ်ရစ်က်ကဗျာကို ကြိုက်တာရှိသလို လစ်ရစ်က် 'ငါ' ကိုလည်း စိတ်ဝင်စားပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလစ်ရစ်က် 'ငါ' ဟာ မူလသဘာဝ၊ မူလအနှစ်သာရမရှိတဲ့၊ ဖွဲ့စည်းလုပ်ယူထားတဲ့ 'ငါ' မို့လို့ပါပဲ။ ရှင်းပါအုံး။ လူမှာ ရုပ်ရှိတယ်။ နာမ်ရှိတယ်။ အဲဒီလူသားရဲ့နာမ်

mgyoe.com

mgyoe.com



ဟာ စိတ်နဲ့ဆိုင်တဲ့အရာခပ်သိမ်းရဲ့ မွေးဖွားရာ၊ ကြီးပြင်းရာ၊ သိုလှောင်မှတ်သားရာ၊ တွေးခေါ်ရာ၊ ခံစားရာ၊ စသည်အားဖြင့် စိတ်ပိုင်းဆိုင်ရာအရာခပ်သိမ်းရဲ့ နယ်ပယ်ဖြစ်ပါတယ်။ အနောက်တိုင်းစိတ္တဗေဒပညာရှင်တွေပြောကြတဲ့ သိစိတ်ရော မသိစိတ်ပါရှိနေတဲ့နယ်ပယ်ဖြစ်ပါတယ်။ အဲဒီနယ်ပယ်တစ်ခုလုံးကို ပုဂ္ဂလအတ္တဘာဝ Subjectivity လို့လည်းခေါ်ကြပါတယ်။ အဲဒီပုဂ္ဂလအတ္တဘာဝတစ်ခုလုံးကြီးထဲက ကဗျာရေးဖွဲ့ဖို့ ကောက်နုတ်ထုတ်ယူလိုက်တဲ့ 'ငါ' ဟာ တကယ်တော့ တည်ဆောက်ချက်တစ်ခုပါပဲ။ အဲဒီတည်ဆောက်ချက် 'ငါ' ဟာ ပုဂ္ဂလအတ္တဘာဝတစ်ခုလုံးကို ကိုယ်စားမပြုတဲ့အပြင် ပုဂ္ဂလအတ္တဘာဝနဲ့ ဝိဝါဒဖြစ်၊ ဝိရောဓိဖြစ်နေလို့တောင်ရပါတယ်။ (ကျွန်တော့်စကားကို အမှန်မယူပါနဲ့၊ လေ့လာပါ၊ လိုက်စစ်ပါ၊ သုံးသပ်ပါ)။ (စာဖတ်ပရိသတ်ကို ကျွန်တော် လေးစားပါတယ်)။ ကဗျာဆိုတာ ထိုးဇာတ်ဖြစ်တယ်ဆိုတာကိုလည်း မမေ့သင့်ဘူးလေ။

အဲဒါကြောင့် နေအေဒီရဲ့ကဗျာ (ပုဒ်) တွေထဲက 'ငါ' ဟာ လစ်ရစ်က် 'ငါ' တွေဖြစ်ကြပါတယ်။ ထုတ်နုတ်တည်ဆောက်ထားတဲ့ 'ငါ' တွေဖြစ်ကြပါတယ်။ လစ်ရစ်က်ကဗျာရဲ့ ပင်မမဏ္ဍိုင်ဖြစ်တဲ့ ပစ္စည်းတစ်ခုဖြစ်ပါတယ်။ လစ်ရစ်က်ကဗျာရေးဖို့ မရှိမဖြစ် တည်ဆောက်ထည့်သွင်းယူရတဲ့ ကဗျာပစ္စည်းတစ်ခုဖြစ်ပါတယ်။ လစ်ရစ်က်ကဗျာထဲက 'ငါ' ဟာ လစ်ရစ်က်ကဗျာဖွဲ့စည်းမှု ပစ္စည်းတစ်ခုဖြစ်ပါတယ်။ အနည်းဆုံးတော့ ဇာတ်ဆောင်ပေါ့။ ဇာတ်ကိုဆောင်ယူထားသူပေါ့။

(၃)

၁၈၃၃ ခုနှစ်တုန်းက ဗြိတိသျှဒဿနိကဗေဒပညာရှင်ဖြစ်သူ John Stuart Mill ဟာ The Monthly Repository မဂ္ဂဇင်းမှာ What is Poetry ခေါင်းစဉ်နဲ့ဆောင်းပါးတစ်ပုဒ်ရေးခဲ့ပါတယ်။ ဗြိတိသျှရောမန္တိက ကဗျာလှုပ်ရှားမှုကာလတုန်းကလည်းဖြစ်ပါတယ်။ အဲဒီဆောင်းပါးထဲမှာ 'Poetry is overheard' ဆိုတဲ့ဝါကျတစ်ကြောင်း ပါပါ

mgyoe.com

mgyoe.com



တယ်။ 'ကဗျာဆိုတာ နားစွန်နားဖျားကြားရတဲ့အရာ' လို့ ယူသော် ရ၏ပေ့ါနော်။ တိတိကျကျပြောရရင်တော့ 'eloquence is heard; poetry is overheard' ဖြစ်ပါတယ်။ လှတောသားများစကားတတ်သလို၊ စကားအတတ်ပညာနဲ့ ပြောတတ်သလို၊ အာစလျှာစရှိခြင်း ကေန်နဲ့ ပြောဆိုခြင်းကို နားနဲ့ကြားလို့ရတယ်။ 'ဟာ'၊ 'ဟယ်'၊ ဘယ်လိုမျိုးပြော လိုက်ပါလိမ့်။ စကား 'တတ်' လိုက်တာ။ ကဗျာကိုတော့ နားနဲ့ကြားလို့ မရဘူး။ နားစွန်နားဖျားပဲကြားရတာဖြစ်တယ်။ စကားအတတ်ကို အပြည့်အဝကြားရတယ်။ ကြားကြားချင်းလည်း စကားအတတ်မှန်း သိတယ်။ ကဗျာအတတ်ကိုတော့ နားစွန်နားဖျားပဲကြားရတယ်။

ကဗျာရေးသူဟာ သူ့စိတ်ထဲ တစ်ယောက်ယောက်ကိုသော် လည်းကောင်း၊ သူ့ကိုသူသော်လည်းကောင်း ရည်ညွှန်းပြောနေတာ ဖြစ်ပြီး အဲဒီပြောနေတာကို ပြင်ပလူက 'နားစွန်နားဖျား' ပဲကြားရတာ ဖြစ်တယ်။ လုံးစေ့ပတ်စေ့ကြားရတာမဟုတ်ဘူး။ အဲဒီ နားစွန်နားဖျား ကြားလိုက်ရတဲ့ ထိခတ်ချက်ကို သူ အာရုံစားရတာဖြစ်တယ်။ 'အာရုံ စားရတာ' ဆိုတာက 'အာရုံခံစား' ရတာဖြစ်သလို 'အာရုံဝင်စား' ရတာ လည်းဖြစ်တယ်။

လစ်ရစ်ကဗျာဟာ သို့ကလို 'နားစွန်နားဖျား' ကြားရတဲ့အရာဖြစ် တယ်။ အကုန်မကြားရတာဟာ အကုန်မပြောလို့လည်းဖြစ်တယ်။ ဖြစ် ကြောင်းကုန်စင်ပြောတာဟာ ဇာတ်လမ်းဖွဲ့ခြင်း(ဝါ)ဝတ္ထုဖြစ်တယ်။ ကဗျာဟာ အဲသလိုမဟုတ်ဘူး။ ဖြစ်ကြောင်းထဲက ခံစားမှုကို ကြားသူထံ တံတွေးစွတ်လိုက်သလိုဖြစ်တယ်။ John Stuart Mill က အဲသလိုဆို တယ်။ (ရှာဖတ်ကြည့်ပါ၊ စိတ်ဝင်စားဖို့ကောင်းပါတယ်။ အထူးသဖြင့် ကဗျာဝမ်းစာဖြည့်နေသူတို့ တရားသေတော့ မယူပါနဲ့။ တရားသေ လည်း မပစ်ပယ်ပါနဲ့။ ကဗျာအကြောင်း ပြောတာဟာ ဘဝကြီးတစ်ခု လုံးကို ဘယ်လိုရင်ဆိုင်ရမလဲဆိုတာနဲ့လည်း ကျောချင်းကပ်လို့)။ နေအေဒီရဲ့ ကဗျာ(ပုဒ်)တွေထဲက ပြောနေသူ 'ငါ' ရဲ့ Voice စကားသံ ကိုလည်း အဲသလို ကျွန်တော် နားစွန်နားဖျား ကြားရပါကြောင်း။

mgyoe.com

mgyoe.com



အဲဒါကြောင့်လည်း လစ်ရစ်က်ကို Voice poem လို့လည်းခေါ်ကြတာဖြစ်ပါတယ်။ နေအောင်ဒီရဲ့ ကဗျာထဲက 'ငါ' ရဲ့ စကားသံ Voice က စူးရှကျယ်လောင်ဟိန်းနေတာပဲ။ ဒါပေမဲ့ နားစွန်နားဖျားပဲ။ ကဗျာပဲလေ။ နေအောင်ဒီလုပ်တဲ့ကဗျာပဲလေ။ နေအောင်ဒီ တည်ဆောက်သုံးစွဲတဲ့ 'ငါ' ရဲ့ စကားသံပဲလေ။ သူပြောသမျှပဲသိရတာတောင် သိရတာဟာ နားစွန်နားဖျား။ John Stuart Mill။ နေအောင်ဒီ။

(၄)

ဆိုတော့ကာ ခံစားမှုကို တင်ဆက်တယ်ပေါ့နော်။ psychology-today.com မှာ Neel Burton MD ရဲ့ Post ရဲ့ခေါင်းစဉ်က

What Is an Emotion?

The answer is not entriely clear တဲ့။

ပြီးတော့ မသိစိတ်ရဲ့ ခံစားမှုတွေလည်း ရှိသေးတယ်တဲ့။

လစ်ရစ်က်ကဗျာမှာ ခံစားမှုဟာလည်း တည်ဆောက်ချက်ပဲ။ တွေ့ကြုံခံစားမှုဆိုတာ ရှင်းပြလို့မရအောင် ရှုပ်ထွေးတဲ့ကိစ္စတစ်ခုပါ။ ကိုယ်ဘာဖြစ်သွားသလဲတောင်မသိဘူး' လို့ ဖွင့်ဟဝန်ခံရတဲ့အထိတွေရှိပါတယ်။ ပိုနက်ရှိုင်းလေ၊ ပိုနားမလည်နိုင်လေပါပဲ။ တွေ့ကြုံမှုက ရရှိလိုက်တဲ့ ခံစားချက်ကို ခံစားရတုန်းမှာ ဆင်ခြင်သိနဲ့ သိလို့မရပါဘူး။ ခံစားသိဟာ ဆင်ခြင်သိမဟုတ်ပါဘူး။ 'ခံစားသိ' ဆိုတာတောင်မှ ခံစားပြီးမှ သိရတာဖြစ်ပါတယ်။ ခံစားလိုက်ရမှုကို သိမှုနဲ့ ပြန်တည်ဆောက်ရတာဖြစ်ပါတယ်။ After-emotion ဆိုတာ ဆင်ခြင်သုံးသပ်သိမှုကလာတဲ့ သိမှု/ခံစားမှုဖြစ်ပါတယ်။ အဲဒီခံစားမှုကို သိမှုနဲ့ ပြန်သုံးသပ်တည်ဆောက်ယူရတာဖြစ်ပါတယ်။ 'ငါဘာဖြစ်သွားခဲ့တာလဲ' ဟာ ဖြစ်ပြီးမှ တည်ဆောက်ယူချက်ဖြစ်ပါတယ်။ ဒါတောင် အစွန်အဖျားအနားသားလေးကို ပြန်လုပ်ယူရတာဖြစ်ပြီး တကယ့်အသားဟာ အနားသားဖြစ်သွားတတ်ပါတယ်။ အင်္ဂလိပ်လို another ပေါ့လေ။ ကိုယ့်ခံစားချက်ကို ကိုယ်ကိုယ်တိုင်နားလည်ဖို့ တည်ဆောက်ယူရရင် အခြားတစ်ယောက်ကို

mgyoe.com

mgyoe.com



ပြန်ပြောဖို့ဆိုတာ ဘာသာစကားစည်းနဲ့ တစ်နည်းတစ်ဖုံညှိယူရတဲ့ ကိစ္စဖြစ်ပါတယ်။ အဲဒီမှာ ယခင်က ပြောခဲ့ဖူးတဲ့ ပုဂ္ဂလဓိဋ္ဌာန်ဘဝထဲက ဘယ်ဟာတွေကို ပြဋ္ဌာန်းခံ/လက်ခံပြီး ဘယ်ဟာတွေကို တည်ဆောက်မလဲဆိုတာဟာလည်း အနောက်တိုင်းစိတ္တဗေဒပညာရှင်တို့ရဲ့ မသိစိတ်ဆိုတဲ့အရာနဲ့ မကင်းနိုင်ပြန်ပါဘူး။ မိမိခံစားလိုက်ရတာကို မိမိ ဘယ်လောက်/ဘယ်လိုသိသလဲ။

လစ်ရစ်က်ကဗျာကို 'ခံစားမှုဖွင့်ဟပြောဆို/ရေးသားချက်' Expressivist နဲ့ မိမိအတ္တရဲ့ ခံစားချက်ကို ဖွင့်ဟပြောဆိုမှု Self-expression လို့ ဖွင့်ဆိုထားတာတွေလိုပါတယ်။ စိတ္တဗေဒပညာရပ်မှာ re-membering/re-constructing လို့သုံးပါတယ်။ ပြန်လည်တည်ဆောက်မှုပါပဲ။ ခံစားမှုတစ်ခုလုံးကို ဘယ်လိုမှ လုံးပြည့်ကျပ်ပြည့်ပြန်မ 'သိ' နိုင်ပါဘူး။ တည်ဆောက်ချက်ပါပဲ။ မိမိကိုမိမိဖြစ်သွားခဲ့မှုအပေါ် သိနားလည်မှုကို မိမိတည်ဆောက်ယူရတာပါပဲ။

'ငါ' ဟာလည်းတည်ဆောက်ချက်။ 'ခံစားမှု' ဟာလည်းတည်ဆောက်ချက်။ လစ်ရစ်က်ကဗျာဟာလည်း တည်ဆောက်ချက်။ နေအေးဒီရဲ့ကဗျာထဲက တည်ဆောက်ချက် 'ငါ' ရဲ့ 'ခံစားမှု' ဟာလည်း နေအေးဒီရဲ့တည်ဆောက်ချက်။ အကောင်းအဆိုး/အမှားအမှန်နဲ့မဆိုင်တဲ့စကားပါ။ ကျွန်တော်သိချင်တာဟာ နေအေးဒီတည်ဆောက်ပြတဲ့ 'ငါ' ဖြစ်ပါတယ်။

(၅)

နေအေးဒီရဲ့ ကဗျာ(ပုဒ်)တွေထဲမှာ နေအေးဒီဟာ 'ငါ' ကို ဘယ်လိုဖွင့်ဆိုဖော်ပြသလဲ။ ကျွန်တော် ကောက်နုတ်ပြပါ့မယ်။ ဘယ်ကဗျာပုဒ်ထဲက ဆိုတာကတော့ ဖတ်သူအတွက် ရှာဖွေတွေ့ရှိစေချင်တဲ့ ဘိုးနပ်စ် Bonus ပေါ့။ ဟောသလိုပါ။

mgyoe.com

mgyoe.com



## ငါ

'အဖွက်ကောင်းလို့ ကိုယ့်နှလုံးသားကိုယ်
　　မမှတ်မိတော့တဲ့ စုန်းမတစ်ကောင်'
'ဖော်မလင်သုံးစရာမလိုတဲ့ ပိုင်ရှင်မဲ့အလောင်းဆိုတာ ငါပါ'
'လွန်ခဲ့တဲ့နှစ်ပိုင်းတွေမှာတော့ ငါတစ်ယောက်က
　　စိတ်ကျန်းမာရေးဆေးရုံမှာ'
'ငါက ငါအရင်အရိပ်တစ်ခုရဲ့အရိပ်ပါ'
'တကယ်တော့ ငါ့မှာလဲ(လည်း)
　　ငါကိုယ်တိုင်တောင်ရှိတာ မဟုတ်ပါဘူး'
'အသက်ရှူနေရင်း ငါ့ကိုငါ
　　လူသေကောင်ပဲလို့ လျှောက်တွေးတယ်'
'ငါ့ဆီမှာတပ်ထားတဲ့
　　အောက်စီဂျင်ပိုက်ကိုဖြုတ်ပြီး ဒဏ်ရာကိုတပ်ပေးခဲ့တာ'
'အနီရောင်ပွင့်ချပ်တွေတစ်စစီ
　　ကျဲပြန့်နေတာတွေ့တော့
　　ငါ့အစိတ်အပိုင်းတွေပါပဲလားလို့'
'ထိုးကျပျက်စီးသွားတဲ့ယာဉ်ပျံဟာ ငါပါပဲ'

နေအေဒီကဗျာ(ပုဒ်)တွေထဲက 'ငါ' ဟာ ပျော်ရွှင်နေတဲ့ 'ငါ' မဟုတ်ပါဘူး။ (ထူးဆန်းတာက လူဟာ ပျော်ရွှင်တာကို မမှတ်မိဘူး။ နာကျင်တာကို မှတ်မိတယ်)။ အစိတ်အပိုင်းတွေ၊ ပြိုကွဲပျံ့လွင့်ကြဲနေတဲ့ 'ငါ' တွေ၊ 'ဒဏ်ရာဆိုတာငါပဲလေ' ဆိုတဲ့ ငါတွေ၊ ရှင်လျက်နဲ့ အသေကောင် 'ငါ' တွေ၊ 'ငါ' ဟာ 'ငါ' မှဟုတ်သေးရဲ့လား 'ငါ' တွေ။ ဖြစ်ပျက်တွေ့ကြုံရဲ့ ခံစားမှုဒဏ်ရာ 'ငါ' ဟာ ရှိရင်းစွဲနေထိုင်စားသောက်သွားလာလှုပ်ရှားနေတဲ့ 'ငါ' ကို မေးခွန်းထုတ်တာတွေ။ 'ဟေ့၊ 'ငါ'၊ မင်း 'ငါ့' ကိုဘာကြောင့် စွန့်ပယ်ထားတာလဲ'။ အနာဂရ 'ငါ' ရဲ့ အနာဂတရ 'ငါ'။ ဟန်ဒရက်စ်ပါစင့်န် လစ်ရစ်ကဲ/ကွန်ဖက်ရှင်နယ်။

mgyoe.com

.mgyoe.com



(၆)

နေအေဒီရဲ့ကဗျာ(ပုဒ်)တွေထဲက 'ငါ' ရဲ့အသံကို ကျွန်တော်လိုက်ဖမ်းတာ အာရုံမှာ ဒါတွေရမိအောင်လို့ ရှိုးတိုးရှန့်တန့်ပြောကြည့်ချင်ပါတယ်။ ခွင့်ပြုပါလေ၊ အို. . . မိတ်ဆွေ။ ဒီစကားသံရှင်ဟာ

"ရင်တွင်းမှန်မှာ 'ချင်ခြင်း' ဒဏ်ရာတွေပေါ်နေတာ၊ တညည်းညည်း တညူညူတပူပူတမြိုက်မြိုက်နဲ့ အခိုက်ခတ်ရဲ့ အဖျားတက်သံထဲ လူးလွန့်နေတာ၊ ရင်လျားနဲ့ရင်သားတို့ကြား အဟကြီးလှစ်ခနဲဟသွားပြီး သဘာဝယုတ္တိ အာဂမယုတ္တိတွေကနေပေါ်ပေါ်တင်တင်ပဲ လွတ်ကင်းနေတာ၊ ချစ်ခြင်းသောကရဲ့ ဗျာပါဒမြစ်ထဲ ဃရာဝါသ သံဝါသ သံပူတစ်စစိုက်ဝင်ရင်းစီးမျောမောလျနေတာ၊ တစ်ကိုယ်ရေကာမဂုဏ်ကို တစ်ကာယအာသာဖြေလားဖြေလို့ မေ့ဖို့ သတိရဖို့၊ စိတ်ကျန်းမာရေးဆေးရုံက အမျိုးသမီးလူနာတွေကြား ကိုယ်တိုင် မြွေဖြစ်သွားတာ၊ စိတ်ခမျာမကျန်းမာရှာတဲ့ အမေနဲ့ အိမ်ထောင်သစ်ကိုတောင်တန်းကြီးလို နေဝင်နေထွက်တဲ့အဖေနဲ့၊ 'ဟယ်လိုဖေဖေ' နဲ့ 'ကျေနပ်ပါ သူမတို့အားလုံးဟာ တကယ့်မြွေတွေ' မှာ ဆစ်လ်ဗီယာပလာ့သ်ပဲ့တင်မြည်လို့၊ ဆေးလိပ်သောက်တတ်၊ ဘီယာသောက်တတ် ကျန်တာတွေနဲ့လည်း မစိမ်းတဲ့ အောစတားဖိနပ်ကြိုးထုံးအပြေ၊ ချုပ်ရိုးအခြား ဒဏ်ရာအလွဲနဲ့ ပြိဟနေတဲ့လူသေရဲ့လက်အေး၊ ဆိုရှယ်နက်တ်ဝါ့က်နဲ့ မီဒီယာကြား စကတ်မှာ ရာသီကွက်နဲ့လျှောက်သွားခတ်ပုံရိုက်ခံသူ၊
'ကောင်းကင်ထောင့်မှာ ပြတင်းတစ်ပေါက်ပွင့်နေခဲ့တယ်'
'အသွေးအသားနဲ့ ရောနှောနေတဲ့ ရေတံခွန်' ပေါ့
'သေခြင်းတရားဟာ ခြံဝန်းထဲက ရေတွင်းပျက်လိုပဲ'

သူမကိုသူမ ဖွင့်ဟပြောပြလို့မရတဲ့၊ သူမထံမှ သူမသိမ်းဝှက်ထားတဲ့ ဒဏ်ရာစိမ်းစိမ်းကြီးတစ်ခုရဲ့ သွေးအလိမ်းလိမ်းဟာ

mgyoe.com

mgyoe.com



တွေးလိုက်တိုင်း စိတ်တကျိန်းကျိန်း
ထိတ်တဒိန်းဒိန်းနဲ့
ဘိန်းခင်းနီရဲထဲ မိမွေးတိုင်းဖမွေးတိုင်းဖြတ်ပြေးတာ

စိတ်ဖောက်ပြန်သွားဖို့
ကြမ္မာတစ်မျှင်အလိုလေးမှာ
ခြောက်သယောင်းနေတဲ့ ပပ်ကြားအက်ထဲ
ပန်းပွင့်အသေကို အိုးထဲကနေထိုးစိုက်လို့
သွေးခဲကဖြစ်လာတာကို
စွန့်ပစ်ခြင်းမှာစိပ်မြွှာလို့

သူမရဲ့စိတ်ကို သူမပဲဆွဲဆိတ်လိုက်
စိတ်ယောင်ရာကိုပြန်ပွတ်သပ်ချေလိုက်

သူမနဲ့သူမထဲက သူမတို့ရဲ့သူမအကြောင်းပေါ့"

(၇)

ကဗျာဆိုတာဘာလဲ။

(၈)

နေအေဒီမှာ 'အနမ်း' နဲ့ 'အလောင်း' fetish လိုသလိုမျိုးပဲ။ fetish ကို ဘယ်လိုပြောရမလဲ။ 'ကာမစိတ်စွဲဝတ္ထု' တဲ့။ အိုကေ၊ ယာယီ အဓိပ္ပာယ်ပေါ့။ 'ကာမစိတ်စွဲဝတ္ထု'၊ 'အနမ်း' နဲ့ 'အလောင်း'။

**အနမ်း**

'ဒီနေ့အိပ်မက်ထဲမှာ အနမ်းစပေးမယ်'
'နှလုံးသားထဲထိ လှမ်းနမ်းခဲ့တဲ့အရာတွေက စူးနစ်ဝင်နေတာ'

mgyoe.com

mgyoe.com



'အချစ်အတွက်ဆို နှုတ်ခမ်းက အနမ်းနဲ့ပိုလိုက်တယ်'
'အရှုပ်အထွေးတွေကြားက မင်းမျက်နှာလေး ဆွဲယူနမ်းရင်း'
'နမ်းမလိုလိုနဲ့ နှုတ်ခမ်းတွေခြောက်သွေ့သွားပုံမှာ'
'သဲသောင်ပြင်ထဲအနမ်းဟာနစ်ဝင်'
'အနမ်းတွေနဲ့ လက်ဖျံရိုးအက်ကြောင်းပုံပြင်တွေမှာ'
'စေတန်ရဲ့နှုတ်ခမ်းကို ငါတို့နှစ်ယောက်
မက်မက်စက်စက်နမ်းရှိုက်နေကြတာမျိုးပေါ့'
'နှလုံးသားမှာ အစွယ်တပ်ထားပြီး ချစ်ရတဲ့လူကို မနမ်းရတာ'
'မင်းအန်ထုတ်လိုက်တဲ့
အပိုင်းအစတွေကို ငါနမ်းတယ်
ထပ်ပြီး နမ်းချင်သေးတဲ့ရောဂါ 'ငါ့မှာရှိတယ်'
'အရမ်းကြီး ခပ်ကြမ်းကြမ်းတွေမနမ်းနဲ့ပေါ့'
'အနမ်းဟာ ငါရခဲ့ဖူးတဲ့ နောက်ဆုံးဒဏ်ရာပဲ'
'အနမ်းဟာ
အနမ်းတွေကိုပဲ ဆာလောင်နေခဲ့တာလေ'

**အလောင်း**

'မျှော်လင့်နေမှုဟာ အဆိပ်မိထားသလို ရုပ်ဖျက်သေဆုံးနေ'
' "လူတွေသေကြတယ် ပြီးတော့ သူတို့မပျော်ကြဘူးလေ" '
'ပိုင်ရှင်မဲ့အလောင်းရဲ့ ကိုယ်ရေးကိုယ်တာ'
'ဖော်မလင်သုံးစရာမလိုတဲ့ ပိုင်ရှင်မဲ့အလောင်းဆိုတာ ငါပါ'
'အသက်ရှူနေရင်း ငါ့ကိုငါ
လူသေကောင်လို့ပဲ လျှောက်တွေးတယ်'
'တစ်ယောက်တည်းခုတ်ထစ်ပြီး ဖျောက်ဖျက်ခံလိုက်ရတဲ့
အလောင်းကောင်အစိတ်အပိုင်းတွေနဲ့ လူပြန်လုပ်စားတယ်'
'သတိရခြင်းမှာ သူမဟာ လူသေ'
'လူသေလိုတွေးပြီး ကိုယ့်ကိုယ်ကိုယ်အသည်းအသန်

mgyoe.com

mgyoe.com



အထီးကျန်ခဲ့ဖူးတာပဲ'
'အလောင်းကောင်ကပြန်ဖြေတယ်
"ဘာမှမပြောချင်ဘူး အေးစက်တောင့်တင်းလို့
လူတောင်သေရသေးတာပဲမဟုတ်လား" '
'ကျွန်တော်ဆရာဝန်တစ်ယောက်ပါဆိုပြီး ဖုန်းဝင်လာတဲ့အခါ
ပိုင်ရှင်မဲ့အလောင်းက သူနေကောင်းကြောင်း အစားပုံမှန်
စားကြောင်း
ညဘက်တွေအိပ်ပျော်ကြောင်း ဖုန်းပြန်ဖြေပေးရတယ်'
'ထွက်ပေါက်ဟာ ရေတွင်းပျက်ထဲခုန်ချဖို့သာ
တိကျသေသပ်နေမှုများအကြား
ရေပုံးလေးကြိုးနဲ့အတူ ပါသွားဖူးတယ်'

('ဝေဒနာတွေပါဘေဘီရယ် သကြားလုံးတွေမှမဟုတ်ခဲ့တာဘဲ')
'မင်းပေးခဲ့တဲ့ဓားလေးကသိပ်လှတယ်
ငါ့အသက်ဓာတ်နဲ့အတူ လာပြန်ယူသွားပါ'

(၉)

ခံစားကြည့်ပါဦး-
'ဟိုကောင်မလေးရဲ့နှုတ်ခမ်းတွေကို
မင်းပါးစပ်မှာ သေချာတပ်ဆင်ပေးမိခဲ့သေးလား'
'အလွမ်းနဲ့သားအိမ်ဟာ စကြဝဠာတစ်ခုစာပါပဲ'
'သင့်ကိုထက်ဝက်ဝက်တဲ့အပိုင်းတွေ
အနိဋ္ဌာရုံ အပိုင်းအပြတ်တွေနဲ့
ကျွန်မရဲ့စက်ပိုင်းပြတ်မှုတွေ
နားလည်တယ်ထင်ခဲ့မိတာတွေဟာ
ပေကျံစွန်းထင်းမှုပါပဲ'
'မင်းကိုယ်ထဲကနံရိုးလေးကို

mgyoe.com

mgyoe.com



ဘယ်သူမှထုတ်မယူခင်
မင်းနှလုံးသားထဲငါဝင်ပုန်းနေခဲ့တာ'
'သူ့ဘာသာသူအပင်ပေါ်မှာ ရှူးနေတဲ့သစ်သီးကို သွားခူးစားတဲ့
ဇာတ်လမ်းပဲလေ'
'တံခါးလာခေါက်တယ် ဖွင့်မပေးဘူး ဖြိုချသွားတယ်'
'ယိုယွင်းနေတဲ့ မီးပလတ်ပေါက်တစ်ခုကနေ
ညကိုချောင်းကြည့်မိတယ်'
'ပျားရည်မြစ်ကြီးထဲ ပျားတွေတုပ်လိုက်တာပါ
ခံလိုက်ရတယ်'

(၁၀)

နေအေဒီဟာ အစဥ်အလာလစ်ရစ်ကဗျာပုံစံကိုရှောင်တယ်။ ခံစားချက်ရဲ့ အကြောင်းရင်းခံနဲ့ အစပျိုး၊ ခံစားချက်ကို ဖွဲ့နွဲ့ဖော်ပြ၊ တစ်ကြောင်းဆုံမျဥ်းအတိုင်းသွားပြီး အပိတ်မှာ သေချာအောင် ခံစားချက်(ဝါ)ခံစားချက်ပေးသူကို တစ်ခုခုပြောချင်းနဲ့ အဆုံးသတ်။ နေအေဒီဟာ ကဗျာမျက်နှာပြင်ရဲ့ ပြင်ညီကိုချိုးဖျက်တယ်။ ကြောင်းကျိုးဆက်စပ်ကို ချေဖျက်တယ်။ အမှတ်စက်တစ်ခုကစပြီး အခြားနယ်ပယ်တွေရောက်ပြီးမှ မူလအမှတ်စက်ဆီပြန်လာပေမဲ့ စွန်းထင်းမှုနဲ့ အခြားနယ်ပယ်တွေဆီပြန်သွားပြီး ပြန်ရစ်သလို ပြန်လာတာ၊ အကွက်တွေလုပ်တတ်၊ ရွှေ့တတ်၊ 'ကစား' တတ်တာ၊ ယုတ္တိဆင်ခြင်ချိတ်ဆက်မှုကို တောက်ထုတ်ပစ်လိုက်တာ၊ အပိတ်စနစ်အပိတ်လိုင်းမထားတာ၊ နယ်ကျော်ခုန်ကူးတာ၊

'ပြဿနာက အာရုံငါးပါးရဲ့ အချိန်မရွေးမှာ
သို့ပန်းဖြစ်နေရတာပဲ
ငါ့စိတ်ကူးထဲမြတ်စွာဘုရားရဲ့အံတော်ကိုဖူးမြော်လို့
မင်းငါ့ကိုသိပ်ချစ်တယ် မင်းအရှုံးပေးတဲ့အရာကို
မင်းဆုံးရှုံးရလိမ့်မယ်ဆိုတာ သိရဲ့လား
ဘီယာအေးအေးလေးတစ်ချက် မြန်မြန်ပေးပါတော့၊

mgyoe.com

mgyoe.com



. . . ဒါတွေဟာ အစဉ်အလာလစ်ရစ်က်ကဗျာရဲ့ ဖွဲ့စည်းမှုတော့မဟုတ်တန်ရာ။ ပိုင်းဆစိတ်မြွာစိတ်ရဲ့ အပိုင်းအစ fragment တွေနဲ့ စုစည်းမှုတစ်ခုခုကို ရယူနေတာမဟုတ်ရင် အပိုင်းအစတွေနဲ့ပဲ လက်ခံစွာနေထိုင်ရုံပဲ။ တစ်စုတဝေး၊ တစ်လုံးတစ်ဝန်းဆိုတဲ့ ဒဏ္ဍာရီကို ထားပစ်ခဲ့လိုက်ပြီ။ ကဗျာရဲ့ ပြေလွင်တဲ့မျက်နှာပြင်ဖျက်နည်းဟာ modern-ism၊ avant-garde၊ experimental poetry တွေ စွန့်ဦးတီထွင် (အဆဲခံ) လုပ်ခဲ့ကြတာပါ။ မျိုးဆက်တွေပြောင်းသွားတော့လည်း 'နည်းပဲဟာ၊ ယူသုံးလို့ဘာဖြစ်သလဲ၊ တွေ ဖြစ်တတ်ကြတာတွေလည်းရှိသမို့ နေအောဒီရဲ့ လစ်ရစ်က်ကို 'ခေတ်ပြိုင်လစ်ရစ်က်' လို့ခေါ်လို့ရမလားလို့၊ ခေါ်လိုက်ကြပါစို့ရဲ့လေ။ ယှဉ်ကြည့်ရင်အသိသာကြီး။

(၁၁)

'ဖွဲ့စည်းမှု'၊ နေအောဒီ။

(၁၂)

'ကိုယ့်စိတ်အတွင်းသားနဲ့ကိုယ်စကားပြောဖြစ်တယ်'

-'ကမ္ဘာတစ်ခုရဲ့မျက်လုံးတွေ'

ဇယလ

၃၊ မေ၊ ၂၀၁၉။

❒

mgyoe.com

mgyoe.com

# ရထားစေးနေသေးသည်

– စိတ်ရှည်ရှည်နဲ့ စောင့်နေလိုက်တော့
သူဖန်ဆင်းနေတဲ့အရာက
လက်စသတ်လို့ ပြီးဆုံးသွားတယ်
နေကရှေ့ကထွက်ပြီး နောက်က နေဝင်သလို၊
– ဗလာထဲ လိုက်ကောက်ထည့်သိမ်းနေရင်း
အိုးမိုင်ဂေါ့ဖ်ားသား ငါ့၏ဘုရားသခင်သည်
လူတိုင်းကြိုက်တဲ့ ကျမ်းပိုက်။
အဖွက်ကောင်းလို့ ကိုယ့်နှလုံးသားကိုယ်
မမှတ်မိတဲ့ စုန်းမတစ်ကောင်ပေါ့။
– ဒီကမ္ဘာကြီးမှာ ငါဆိုတာတွေက
အဓိက ဇာတ်ကောင်တွေပါဆိုပြီး
လွမ်းနေ ဆွေးနေတတ်တဲ့
မျှော်တော်ယောင်လေးရေ
မိုးရွာရင်မိုးရေချိုးပါ
ပျော်ရွှင်ပါ အချစ်ဆိုတာ
တကယ်ရှိပါတယ် အာလူးရေ။
– အားတွေ ဘယ်အရာကိုမှ မစိုက်ချင်လို့
ဝရန်တာကနေ လေပေါ် ခနခန
စိတ်ကိုပဲ ဝဲဝဲချပစ်နေရတာ
ဓာတ်ကြိုးပေါ် ငြိတင်နေတာလဲ
သူပဲမှတ်လား ကျောက်တုံးကြီးပိသေနေတဲ့
စီစီဖတ်စ်ရုပ်အလောင်း။

mgyoe.com

mgyoe.com


– လူဆိုတာ တန်ဖိုးရှိလေလေ
ပိုတိတ်ဆိတ်လေလေပဲတဲ့
သင်ဘာကြောင့် မပျော်ရွှင်နေတာလဲဆိုပြီး
အတိတ်အဆိတ်တွေ ပိုပိုကြမ်းလာတော့
သီချင်းသံကို တိုးလိုက်မိတယ်။
သစ္စာနီပန်းတွေလည်း မော်တင်လမ်းမကြီးပေါ်မှာ
တကယ်စွေးစွေးနီနေပါတယ်။
– ဝေးကွာခြင်းတွေက
သိပ်ကိုနီးစပ်သွားတဲ့အချိန်တွေမှာ
မျက်နှာချင်းဆိုင် လျှောက်လာနေကြတဲ့
ချစ်သူနှစ်ယောက် တစ်ယောက်ကိုတစ်ယောက်
မှတ်မိကြပါစေ။
– စိတ်ထဲလွင့်နေတဲ့ စကားလုံးအပိုင်းအစတွေနဲ့
ခပ်သွက်သွက်လျှောက် လူအုပ်ကြီးထဲ
ရောနှောပစ်ခွေနေမိရင်း
ရထားဝေးသေးသည်
မည်သို့ပင်ဖြစ်စေ ချစ်နေသေးသည်။*
မည်သို့ပင်ဖြစ်စေ ချစ်နေသေးသည်။*
မည်သို့ပင်ဖြစ်စေ ချစ်နေသေးသည်။*

၁၊ စက်တင်ဘာ၊ ၂၀၁၈။

---

* ကဗျာဆရာမောင်လေးအောင်ရဲ့ ချစ်သူတို့၏အလှဆုံးခေတ်ဦးသို့ ကဗျာမှစာသားကို ယူငင်သုံးစွဲမိပါသည်။

mgyoe.com

mgyoe.com



# ဆောင်းဖြတ်လိုင်းတွေက အမွှင့်ပိုင်းမှာ

သင်သိပြီးပြီလား တကယ့်ကိစ္စတွေဆိုတာရှိတယ်
ပိန်းကြာရွက်ပေါ်က မိုးရေစက်ဝိုင်းဝိုင်းလေးတွေ
အလယ်ဗဟိုကို ထိန်းချုပ်ထားလိုက်ကြပြီ
သိပ်တွေးနေမိတာပဲ ချိုမြိန်တဲ့အရသာကို
မသိတဲ့ ကြောင်ကလေးတွေက တစ်ကိုယ်လုံးကို
လျှာနဲ့ပွတ်သပ်ရင်း ပြောပြလိမ့်မယ်
အချစ်အတွက်ဆို့နှတ်ခမ်းက အနမ်းနဲ့ပိုလိုက်ပါတယ်
ဘယ်ကစားရုပ်ကို ဆုံးရှုံးခံနိုင်မလဲဆိုတော့ မင်းကရယ်တယ်
လည်ချောင်းယားရင် နားရွက်ကို အသာ ကုတ်နေကြည့်လိုက်
မင်းသားလေးက ပန်းကလေး ပြောတာကိုယုံပြီးရူးနေတာ
ကြိုးကြာနီငှက်ဥရဲ့ အနှစ်က ချစ်စဖွယ် ပန်းရောင်လေးလေ
သဘာဝရဲ့ လှပတဲ့နိုင်ပွဲ လှေကားထစ်တွေအပေါ်
တက်သာတက်တတ်ပြီး ပြန်မဆင်းတတ်ကြတဲ့နွားတွေ၊
ပုစွန်ရဲ့ခေါင်းထဲမှာ သူ့နှလုံးသားဟာ အီအီးတွေနဲ့
ပေကျံလို့ မအိပ်ဖြစ်တော့ မျက်တွင်းကနဲနဲချောင်
လက်ချောင်းတွေကတော့ ခပ်ပြေပြေပဲ။ တုံ့ပြန်ခြင်းမခံရတဲ့
အချစ်ဝေဒနာက ပြင်းထန်လွန်းရင်သေတတ်တယ်

mgyoe.com

mgyoe.com


ကမ်းပါးတွေလည်း ပြိုတတ်တယ် တကယ့်ကို ငါက
ငါ့ဦးခေါင်းထဲ နေထိုင်ရတာကို သိပ်ကြိုက်တာပဲ
သေနတ်ပစ်ခံရရင် ကျည်ဆန်က ထွက်သွားမယ်
ဝါကျတစ်ကြောင်းလို ကဗျာထဲဝင်လာပြီး ဟန်ဆောင်နေလိမ့်မယ်
လင်းပိုင်တွေရဲ့ ဦးနှောက်က လူ့ဦးနှောက်ထက်ကြီးတယ်
စူဠလိပ်ကိုရေထဲလွှတ်ချင်တယ် ဆံပင်ကခပ်ပြေပြေ
ဆံထုံးဆံစလေးတွေလဲ ထွက်နေတယ် တခြားမဟုတ်တဲ့ ဘဝအရာကပေါ့
ကမ္ဘာမှာ တစ်စက္ကန့်တိုင်း လူနှစ်ယောက်သေကြရတဲ့အခါ နေနဲ့လ၊ ရွှေနဲ့မြ
နောက်တော့ ငါနဲ့ငါ အညိုရောင် ခြောက်ခြောက်ဆံသားနဲ့ ပျော့စိစိအသားတွေ
ဘယ်သူကမှ ဘယ်သူ့ကိုမပိုင်ပါဘူးဆိုရင် ရှိပြီးသားဟာသတစ်ခုကို
အစကနေပြန်ရီရ လည်နေပြီလား ငါလေ သိပ်တွေးတာပဲ
ချစ်ခြင်းမေတ္တာနဲ့ ဆုံးရှုံးမှုလို ရှုပ်ထွေးတဲ့ အရာတွေကို
နားလည်တဲ့ဆင်တွေက ချစ်တတ်တယ်။
သင်တောင့်တနေတဲ့အရာတစ်ခုက အင်တာနက်မှာ
ရှာရမယ့် ကြိုကာကွက်တွေများလား။
ကဗျာရဲ့ ဦးနှောက်အရွယ်အစားကိုဖြေပါ။

၄၊ နိုဝင်ဘာ၊ ၂၀၁၈။

mgyoe.com

mgyoe.com



## ကောင်းမွန်တဲ့အရာတွေ မင်းထိတွေ့ပါစေ

ရန်ကုန်မြို့ရဲ့ လမ်းမီးတွေအားလုံး
ရုတ်တရက် ပိတ်ကျသွားတဲ့ အမှောင်
သောက်လက်စ ဆေးလိပ်မီးလေး
ဘယ်နားမှာ ကြွေကျန်ရစ်ခဲ့သလဲ
အောစတားဖိနပ်က နှစ်ရစ်တိတိ
ထုံးထားတဲ့ ကြိုးကလေး ဆတ်ခနဲ
ပြေလျော့ကျလာတာ လမ်းကလေးမှာ
U turn ok ဆိုတဲ့ ဆိုင်းဘုတ်လေးက
ကျိုးပဲ့ပျက်စီးနေတာ နာကျင်တံတားပေါ်မှာမို့
ဖောက်ထွက်စရာလမ်းမရှိ
အမှောင်ထဲကို တိုးဝင်သွားတဲ့ ကြောင်နက်တစ်ကောင်
အမြဲဝမ်းနည်းနေတဲ့ မျက်ရည်တွေဟာ မျက်ရည်အိတ်ထဲမှာ
မရှိကြတော့တဲ့အခါ
သိုဝှက်ထားတယ်ဆိုတဲ့စကားဟာ ဘယ်ဆီ
တံတားဟာ ကျိုးကျသွားခဲ့တာပဲ
သူ့ဘာသာ သူ့အပင်ပေါ်မှာ ရှူးနေတဲ့သစ်သီးကို သွားခူးစားတဲ့
ဇာတ်လမ်းပဲလေ အလိုဆန္ဒကိုယ်စီနဲ့ အချစ်ဆိုတာ တကယ်မရှိဘူး

mgyoe.com

mgyoe.com


ရှေ့ဆက်ပြီးဝေဒနာတွေကို ဆက်လက်ယုံကြည်သွားဖို့
အကြောင်းအရင်းများစွာ ဝေးသွားတဲ့အခါ ဝေးသွားပြီပဲပေါ့
လေတိုက်တော့ အင်္ကျီလွင့်နေသလိုပေါ့
လေထဲလွင့်ပါလာတဲ့ ဆိပ်ဖလူး ပန်းရနံ့လေးတွေကို ဆယ်ယူလျက်
လရဲ့အနားသတ်ကို ကြည့်နေမိရင်း ပြတ်တောင်းပြတ်တောင်းနဲ့
Harvey Gray တေးသွားကို နားထဲမှာ ပြန်ကြား
ကမ်းခြေမှာ ဆောက်ခဲ့တဲ့ သဲအိမ်လေးဟာ
ဒီအချိန်ရောက်မှလာပြိုလဲ သွားခဲ့တာ
ဘယ်ပင်လယ်မှငါမချစ်၊ ဘယ်ကမ်းစပ်မှ
ငါမရောက်ချင်တာ ရောဂါပေါ့
စိတ်နဲ့ဆက်စပ်သမျှ အားလုံးဟာ တိခနဲ အပိုင်းပိုင်းပြတ်ကျလာ
ဗလာဖြစ်မှုနယ် အစအဆုံးထဲ
ဘယ်သူပြန်တိုးဝင်နေတာများလဲ
သက်သောင့်သက်သာ အခွံလေးတစ်ခု
ရှာတွေ့ပါစေ ချစ်သော ဝင်ကစွပ်။

စက်တင်ဘာ၊ ၂၀၁၆။

mgyoe.com

mgyoe.com



## အင်္ဂတေပေါ်က အက်ကွဲရာများဖြင့်

တကယ်ကြီးလိုက်ရှာကြည့်မိတယ်
အက်ကွဲရာတွေဆိုတာ လမ်းလေးတစ်ခုလိုပါပဲ
အဲ့ဒီလမ်းလယ်ခေါင်တည့်တည့်မှာ
ယောင်ယောင်လည်လည်နဲ့ ခနရပ်မိသွားတယ်
ကမ္ဘာကြီးရဲ့မြေသားတွေဆိုတာ မိုးရွာပြီးတာနဲ့
ပြန်ပြီး မာကျော ကျစ်လျစ်သွားတာပဲလေ
ဒါပေမဲ့ အဲ့ဒါ ကိုယ်မှ မဟုတ်တာဘဲ
နက်ရှိုင်းတဲ့မြစ်ဟာ တိတ်တိတ်ကလေး
စီးဆင်းတယ်ဆိုတဲ့ စကားပုံမှာ ဘယ်သူက
မြစ်လဲ ဘယ်သူက တိတ်တိတ်ကလေးဆိုတာလဲ
အက်ကွဲရာသာ နက်ရှိုင်းလှပ
တိတ်တိတ်ကလေးများ သိပ်သိပ်သည်းသည်းလေးများနဲ့
ဘာမဆို အက်ကွဲရာတစ်လျှောက် ပြန်လှည့်ကြည့်မိသူဟာ
တံခါးကိုဖွင့် အဝေးကိုထွက်သွားမယ့်သူနဲ့တိုးမယ်

mgyoe.com

mgyoe.com


မိုးရေစက်တွေကြားထဲမှာ နေရင်းဘာမှမကျန်အောင်
ခြောက်သွေ့သွားခဲ့ပြီး နေ့တစ်နေ့ကို အစပြု
လည်ပတ်ရလိမ့်မယ် စက္ကူပန်းတွေဝေဝေဆာဆာငိုဖို့
အားအင်ရအောင် ဘာတစ်ခုမှ ဆက်မလုပ်ဖြစ်တော့ဘူး
ပါးစပ်ထဲက ပီကေလေးကလည်း လေထုထဲရောက်တော့
လွတ်မြောက်ဖို့ သူကြိုးစားလိမ့်မယ် တရိရိနဲ့ထက်ပိုင်း
ပြတ်စေတော့မယ့် သွေးလည်းမဟုတ်ဘဲ ရေထက်ပိုစီးနေတဲ့
မင်းကိုမေ့ဖို့က တကယ်ခက်သလား အင်္ဂါတွေက တကယ်အက်တယ်
နှလုံးသားလေးတွေက တကယ်လွမ်းဆွေးတတ်တယ်
မှတ်ဉာဏ်မကောင်းပေမဲ့ မေ့ဉာဏ်လည်း မကောင်းတဲ့လူ
တစ်ယောက်ရဲ့ အမည်နာမဟာ
အက်ကွဲရာသာ ဖြစ်သင့်တာပေါ့။

၂၉၊ မေ၊ ၂၀၁၈။

mgyoe.com

mgyoe.com



## ချိန်းဆိုမှုမလုပ်ခင် သင်ပေးချင်တာတွေကို ချရေးပြီး အရင်လေ့ကျင့်နိုင်ပါတယ်

မနက်ခင်းဟာ အန်ထုတ်လိုက်တဲ့ အပိုင်းအစတွေကို
နမ်းမိသွားတာ အချိန်တွေကို
စက္ကူငှက်အဖြစ်ခေါက်ပြီး ဖန်ပုလင်းထဲမှာ
ပျံသန်းခိုင်းထားလိုက်တယ်
နှလုံးသားထဲ ခွဲပြီး ထည့်ပေးလိုက်တဲ့
ဟိုကောင်မလေးရဲ့ နှုတ်ခမ်းတွေကို
မင်းပါးစပ်မှာ သေချာတပ်ဆင်ပေးမိခဲ့သေးလား
ပင်လယ်ထဲသဲအိမ်ဆောက်နေသူကို
ကမ်းခြေတွေဟာ လျှောင်ရယ်လို့
ဗိုက်ထဲက အောင့်အောင့်နေတာ
နာရီစီးချက်မှန်မှန်စိတ်မရှည်လို့ တစ်ဘဝလုံးစာ
ငါရာသီလာပစ်နေချိန်မှာ မင်းဖုန်းဝင်လာခဲ့တာ
စကတ်ကို ရှေ့နောက် လှည့်ဝတ်ပြီးတဲ့နောက်
သားအိမ်ကိုထုတ်ပြီး စားပွဲပေါ်ပစ်တင်ခဲ့လိုက်တယ်
သူ့ကိုဘယ်မှာထားရမယ်ဆိုတာမသိသေးဘူး
ငရဲဟာ လူစီဖာရဲ့ ရန့်ပဲ
သူဟာ အသက်ကို အငမ်းမရ ရှူနေရပုံပဲ
ရာသီကွက်ကြီးနဲ့ လမ်းမပေါ် ငါထွက်လာခဲ့တယ်
ငါ့ကိုခာတ်ပုံလာရိုက်တဲ့ လူတွေကို သေချာပြန်ပြုံးပြမလို့ပါပဲ

mgyoe.com

mgyoe.com


ကွက်ကြည့် ကွက်ကြည့်လုပ်နေကြ ငှါရာသီကွက်ကို လာပြုံးပြနေကြ
ပေါင်ချိန်စက်တွေကိုကြောက်လို့ ဘုရားပေါ်မတက်ဘဲ
ခိုတွေကို မြို့တစ်ပတ်လမ်းလျှောက်ရင်း ရေတွက်တယ်
သူတို့ကို အစာကျွေးရင်း ကျီးကန်းတွေ အဲ့ကောင်တွေကို
မျက်လုံးချင်း ဆုံအောင် ကြည့်ရတာ ထင်သလောက် မလွယ်တာ
သားအိမ်သား စားဖူးကြမလား သူတို့ကို ကျွေးလို့ရသားပဲဆိုတာမျိုးတွေ
တွေးမိပြီး အိမ်လိပ်စာပေးခဲ့လိုက်တယ် အဲ့အပိုင်းအစ အကောင်အထည်သေးသေးလေးဟာ
ပုံသဏ္ဍာန်ပီပြင်ခဲ့လို့လား ငိုမလိုရယ်မလိုနဲ့ ဆိုရှယ်နက်ဝေါ့ခ်ပေါ်မှာ
အသည်းပုံလေးပေးတတ်သွားကတည်းက သွေးတွေငါ့ဆီက ထွက်ကျမလာတော့ဘူး
ဆာလောင်သူတွေဆီရောက်သွားမယ့် အညှီနံ့တွေနဲ့
လက်ညှိုးတွေအကြောင်းကို ငါချမရေးတတ်ဘူး
ပုံမှန်လိုမဟုတ်ဘဲ ကြီးထွားလာမှုကို
မရပ်တန့်နိုင်တဲ့အခါ ငါဗိုက်ကိုနှိပ်ပြီးရယ်မိတော့တာပဲ
အလွမ်းနဲ့သားအိမ်ဟာ စကြဝဠာတစ်ခုစာပါပဲ
ပုံမှန်ဖြစ်မနေလို့ စိတ်ရှုပ်တယ်ဆိုရင်
တစ်စုံတစ်ရာကို ပစ်ချပြီး ကျွေးပစ်လိုက်တော့ပေါ့
ညှော်နံ့တွေထုံနေတဲ့ မီးခိုးတွေရဲ့ကောင်းကင်
ငါခွဲခွာနေလို့ မင်းဝေးကျန်သွားခဲ့တာ
မေးစရာရှိပါတယ် ဟာလာဟင်းလင်းဖြစ်မှုဟာ
ပြန်လည်ဆာလောင်လာတတ်သလား။

၂၇၊ မတ်၊ ၂၀၁၆။

mgyoe.com

mgyoe.com



# လွှမ်းမိုးချုပ်ကိုင်မှုဟာ အခရာ

သင့်ကို ထက်ဝက် ဝက်တဲ့ အပိုင်းတွေ
အနိဋ္ဌာရုံ အပိုင်းပြတ်တွေနဲ့
ကျွန်မရဲ့ ထက်ပိုင်းပြတ်မှုတွေ
နားလည်တယ် ထင်မိခဲ့တာတွေက
ပေကျံ စွန်းထင်းမှုပါပဲ
သူကရိတယ်
သဲသောင်ပြင်ထဲ အနမ်းဟာနစ်ဝင်
၃၄ မစ္စစ္စပီ
အရှုံးအမှုးပဲ
မနက်ဖြန်ဆိုတာတွေကို မယုံနိုင်ဘူး
အချိန်တွေကုန်တာ သိပ်မြန်တာပဲ
ငါတစ်ခါက သစ်ပင်ပေါ်က
ကြောင်တစ်ကောင်ကို ကယ်ခဲ့ဖူးတယ်
ငါနင့်ကို ချစ်တယ်
လက်ဖဝါးကို ဆုပ်ကိုင်ပေးခဲ့တဲ့
အချိန်တွေ သိုဝှက်ရောက်ရှိလာ။

မေ၊ ၂၀၁၅။

mgyoe.com

mgyoe.com


# မလာထဲအိပ်မက်တွေခုနှစ်ချ

ဘယ်သူသိမှာလဲ သွေးကြောထဲက အသေခံပုံးခွဲမယ့်ဆန္ဒကို
ဘဝရဲ့နေကြာတွေလည်း တောက်လောင်လို့
ပြုံးရယ်နေတဲ့မိသားစုဓာတ်ပုံတစ်ပုံ
အရေပြားအတွက် နံ့ရုံကိုဖြိုတဲ့တူကို နမ်းမိတယ်လို့ပြော
တွားသွားတယ် လက်လှမ်းတယ် နှလုံးသားကို ၄၈ နာရီအတွင်း
ထိုးစစ်ဆင်မယ် ပြောရေးဆိုခွင့်ရှိသူက &#@%$&@
အရောင်တွေသုံးစွဲပုံသုံးစွဲနည်း အလင်းတွေမှိန်ထားမယ် နံ့ရုံကိုဖြန့်ကြက်မယ်
သူအမျိုးမျိုးဖြေနေလို့ အရေးယူပေးရမယ် မှန်တွေရဲ့ဘာသာပြန်လွဲချော်မှုတွေ
ချောက်အနက်ကြီးတွေ လွင့်ထွက်လာတဲ့ ဖုန်မှုန့်တွေ နိမိတ်ပုံအရ
ကျန်တာတွေ ခံစားလို့မရဘူး
အနီးကပ်နှုတ်ခမ်းတစ်စုံက စကားမပြောဘူးအသေ
သူကတော့ကြည့်နေတာပဲ စကားထပ်ပြောမလား အသေ
ဖြိုချနေတော့တာပဲ အသေချည်းရယ် ရေချိုးကန်ထဲစိမ် စိတ်အသေကောင်
ဆက်လက်ဆောင်ရွက်ဖို့ အသင်နဲ့ ကိုယ်ခန္ဓာ
ကြွက်သားတွေပေါ်ကျလာတဲ့ အပြုံးရိပ်
တံခါးလာခေါက်တယ် ဖွင့်မပေးဘူး ဖြိုချသွားတယ်
ဆေးလိပ်ငွေ့တွေ အခန်းထဲက ပြန်ထွက်မလာတော့ဘူး
ရှုပ်ထွေးတယ် အဝါရောင်ဆန်တယ် သိပ်ရှုပ်ထွေးတယ်
သူကတော့ ဝေးပြီပြောတယ် အရမ်းကြီး ခပ်ကြမ်းကြမ်းတွေ မနမ်းနဲ့ပေါ့
ရေတွေ တိမ်တွေ အရုပ်ရေးဖို့ နေရာမကျန်တော့ဘူး
အရေပြားဟာ မီးလောင်ထားတဲ့ တက်တူးဒဏ်ရာပဲ
သိလား မကြောက်ဘူးဆိုတာ အသည်းအသန်ရှင်းပြနေတဲ့အရာ
နံ့ရုံမှန်ဖောက်ထွက်မယ် အခုလည်းအလင်းရောင်ဆီနိုးထဖို့
ခရမ်းပြာရောင် လေ့ကားကွေ့လေးအတိုင်းသာလာခဲ့။

mgyoe.com

mgyoe.com



## အကြွင်းနှာမဲ့လိုက်တာ

ဒီလိုမျိုးဖြစ်ဖို့ မရည်ရွယ်ခဲ့ပါဘူး
ကိုယ့်ကိုယ်ကိုယ် အနီးကပ် ပြန်လည်တိုက်ခိုက်တယ်
အင်းဆက်တစ်ကောင်သာဆိုရင်တော့ ထွက်ပြေးသွားမှာပဲ
အပိုင်းပိုင်းအစစတွေက မရပ်တော့ဘူး အခြားတစ်ဖက်ကို
ထိစမ်းကြည့်လို့မရဘူး ဗိုက်ဆာလို့ လေချဉ်တက်ချင်လို့ နေရခက်လို့
ပင်ပန်းလို့ ထွေးပွေ့စေချင်လို့ လှုပ်ရှားချင်လို့ ပူလို့ ထိတ်လန့်လို့
အင်္ကျီလှလှလေးဝတ်ဖို့ Emergency ၇ ရက်အတွင်း ဝိတ်ချနည်းသင်ရတယ်
ကြက်တောင်ပံ့ကို နေ့စဉ်ရက်ဆက် မစားမိအောင်ရှောင်
ဖန်ခွက်ထဲ ဝိုင်ကို နည်းနည်းချင်းထည့်တယ်
သံသယရှိသူ ဘယ်ရောက်သွားလဲ
အဲ့ဒီနောက်မှာ အလောင်းကောင်တွေကို ဆားရည်စိမ်ပြီး ပစ်ထားခဲ့တယ်
ကြောက်လန့်စရာတွေ ကြားပြီးတဲ့နောက်မှာ ကြော်စားပစ်ချင်လာတယ်
ရပ်နေတယ်လို့ထင်မိခဲ့တာပဲ တကယ့်ကို ဝမ်းနည်းနေတယ်
ငွေနှင့်လ ၂၀ ရက်နေ့ညတွေလေ သူတကယ်ကို ပျောက်ဆုံးသွားခဲ့တယ်
နှစ်ပေါင်းများစွာ ပျောက်ဆုံးနေခြင်းက အမှန်တရားကိုပါဆုံးရှုံးသွားစေခဲ့တယ်
မျက်မမြင်တစ်ယောက်ပါ မျက်လုံးထဲမှာ အမှောင်အတိနဲ့
ဘုရားသခင်ကို ထောက်လှမ်းနေတယ်။

၂၊ နိုဝင်ဘာ၊ ၂၀၁၃။

mgyoe.com

mgyoe.com

# နိုင်ရမယ့်ကိစ္စရယ်ဖြစ်အိုမလွယ်တော့ဘူး

ဘယ်သူကိုင်ကိုင် မီးကတော့ ပူမှာ
စိတ်ဖြစ်တိုင်းဖြစ်တိုင်း
အဆွေးရုပ်နဲ့ လူလုပ်ထားတဲ့
ပစ္စည်းတွေချည်း ထွက်ကျလာနေကြ
မရှိတော့လို့ ထပ်မဖြစ်နိုင်တော့တဲ့
မနေ့ကကြားရတဲ့တေးသွားတွေ
စိတ်ထဲမှာ
စိတ်တွေချည်းပဲ အစားထိုးသွားကြတာ
မြင်နေတယ် ထိသိမိနေတယ်
မမြင်ချင်ယောင်ဆောင်ထားပစ်လိုက်တဲ့
ရုပ်ပျက်ဆင်းပျက်ဝေဒနာများ
အလေ့အထနဲ့အတူ ထတွန်းကြည့်လိုက်တော့
လိုက်ကာကို ထပ်ပြီး ဆွဲဖယ်လိုက်ရသေးတာ
အလောင်းကောင်ကပြန်ဖြေတယ်
"ဘာမှမပြောချင်ဘူး အေးစက်တောင့်တင်းလို့
လူတောင်သေရသေးတာပဲမဟုတ်လား"
သိပါတယ် လူ့ပ်တာနဲ့ ခွေကျသွားမှာ
နှစ်ပေါင်းနှစ်ထောင့်ငါးရာက မီးခဲပေါ်တည့်တည့်
စိတ်သက်သာရာရအောင် ပုံမပျက်နေကြည့်တာလား
လေထဲမှာ ဘာရနံ့တွေရှိလို့လဲ
အသုဘကမ္ဘာန်းစီးဖြန်းလို့
သက်ရှိထင်ရှား ဝင်လေထွက်လေ
လေ့ကျင့်ခန်းက တရားပါပါတယ်။

၉၊ မတ်၊ ၂၀၁၆။

mgyoe.com

mgyoe.com



# လက်ဖဝါးတွေကြယ်ကို ထိကပ်တဲ့အခါ

တစ်ချို့သောဒဏ်ရာတွေက
ညတွေမှာ အထူးတလည်
လတ်ဆတ်လာတာမျိုးလား
ယိုယွင်းနေတဲ့ မီးပလတ်ပေါက်တစ်ခုကနေ
ညကို ချောင်းကြည့်မိတယ်
လက်ဖဝါးတွေ ကြယ်ကို ထိကပ်တဲ့အခါ
တစ်စုံတစ်ရာကို ဝန်ခံပါ့မယ်
အလှူံ့ဝှက်ဆုံးနဲ့ အတော်ဆုံးအချက်ဆိုတာ
ငါ့ရဲ့မင်းကို လွမ်းဆွတ်မှုတွေပါပဲ
မောတယ်လို့တွေးမိတာနဲ့ကိုမောတယ်
လူကူးမျဉ်းကြားကို ငါမဖြတ်ခဲ့ဘူး
မင်းကိုငေးကြည့်ခဲ့တယ် ချစ်ခြင်းများစွာနဲ့
အသည်းလေးကွဲကြေသွား
ဒင်ဒင် ဒေါင်ဒေါင် ဒင်ဒေါင်ဒင်ဒေါင်
ငါ့ရှေ့လာရပ်တဲ့ တိမ်တွေကို စကားပြောကြည့်သေးတယ်
ငါ၏အသက် သည် မမြဲ ငါ့အားသေခြင်း သည်မြဲ၏ဆိုပြီး
ပိတ်ထားတဲ့ဖုန်းကိုခေါ်မိတယ် မက်ဆေ့ချ်တွေပို့မိတယ်

mgyoe.com

mgyoe.com


ငါဘယ်လိုအရူးလဲလို့လာမမေးနဲ့
ချစ်ခြင်းဟာ မလုံလောက်ခဲ့ဘူး သွေးများစွာပန်းထွက်လျက်
တစ်ယောက်တည်းနဲ့ပြီးပြည့်စုံမယ့် ချစ်ခြင်းမေတ္တာ
ငါမင်းကိုပေးချင်မိသွားတယ်
ကျွန်တော် ဆရာဝန်တစ်ယောက်ပါဆိုပြီး ဖုန်းဝင်လာတဲ့အခါ
ပိုင်ရှင်မဲ့အလောင်းက သူနေကောင်းကြောင်း အစားပုံမှန်စားကြောင်း
ညဘက်တွေ အိပ်ပျော်ကြောင်း ဖုန်းပြန်ဖြေပေးရပါတယ်
အားလုံးကိုခွင့်လွှတ်တယ်
ရောက်ရာအရပ်က အမြန်ပြန်လာပါ
ရင်သပ်ရှုမောဖွယ်ရာအားလုံးထက်
အသက်ရှူရှိုက်ရခြင်းက
ပို၍သာလွန်အံ့ဩဖွယ်ရာ ဖြစ်နေလို့ပါကွာ။

၂၀၁၇။

mgyoe.com

mgyoe.com



# ငါ့မှာတော်တော်များများ

ဈေးထဲက ဝယ်လာတဲ့ ပန်းသီးတွေကုန်အောင် ငါ ထိုင်စားပစ်နေချိန် ကမ္ဘာကြီးဟာ ညဏ်ရည်တုကို သုံးစွဲလာနေခဲ့ပြီ။ မင်းမူးပြီး ငါ့ကိုနမ်းတာတွေမေ့မရဘူးဘေဘီ။ ဒီအကြောင်းတွေအားလုံးကို အိပ်မက်လို့ နာမည်ပေးထားတယ်။ အိပ်မက်တွေမက်ပြီးတိုင်း ရအောင်မေ့ပစ်တယ်။ နောက်ထပ်လာမှာတွေက အရိုးထဲက ကိုက်ခဲလာမယ့်ဟာတွေပဲ။ ဆိုရှယ်နက်ဝက်ခ်ပေါ် သေကြောင်းကြံစည်မယ့် ကိစ္စကို ငါ့ကိုယ်ငါပဲသိအောင် ကလစ်တစ်ချက်နှိပ်တင်ခဲ့ပြီး အင်္ဂါဂြိုဟ်ဆီ ငါအရောက်ပြေးတယ်။ နေ့စဉ်ဖတ်စရာ သတင်းတွေမလို၊ အပြန်အလှန်ဂရုစိုက်ပေးစရာမလို၊ ဟိုမှာရှိတဲ့ အရာတွေနဲ့ပဲ တည့်အောင်ပေါင်းသင်းနေထိုင်သွားတော့မယ်။ ငါတော့ ဆက်လက်တွေးခေါ်နေမိတာပဲ။ စိုးရိမ်မိတဲ့ ကိစ္စတွေအားလုံးက ကိုယ်ပိုင် အတွေးအခေါ်တွေ ဖြစ်ဖြစ်နေတယ်။ ငါကမ္ဘာကြီးကို ချစ်ဖူးတယ်။ အဲ့တော့ မလွယ်ဘူးရှုးနိုင်တယ် ဖြစ်သွားတယ်။ အရှုံးဖြစ်သွားတယ်။ ပျားရည်မြစ်ကြီးထဲ ပျားတွေလိုက်တုပ်တာပါ ခံလိုက်ရတယ်။ ဘယ်နေရာမှာပဲငိုငို ငိုသံတွေဟာ တစ်ထေရာတည်းပဲဆိုတာတော့ ငါအရမ်းမှတ်မိတယ်။ ဘယ်သူတွေက လာစဉ်းစားခိုင်းနေလို့လဲ ငါပဲလား။ ပြီးတော့ ဆက်ပြီးနောက်၊ ငါတော့ ငါးတွေဆီသွားပြီး နေထိုင်ဖို့လည်း တွေးမိတယ်။ ညဏ်ရည်တုမှတ် ညဏ်အတု၊ မျက်ရည်အတုတွေအားလုံးနဲ့ နောက်ဆုံးအကြိမ် ဓာတ်ပုံတွဲရိုက်ခဲ့မယ်။ ဘယ်သူကမှ ဟီးရိုးဖြစ်ဖို့ မွေးဖွားလာတာမဟုတ်ပေမဲ့ ငါကတော့ ခေါင်းလျှော်ရည်ကောင်းကောင်းသုံးရတာ သိပ်ကြိုက်တယ်။ လုံးကြီးတင်ဆန်ခတ်ကို ဘယ်လိုနားလည်ရမလဲလို့ လာမေးတဲ့ သူငယ်ချင်းကို စောင်ပျင်းလို့သာ နားလည်လိုက်လို့ ငါဖြေခဲ့မိသေးတယ်။ ဖုန်းဆင်းကတ် မှတ်ပုံမတင်ချင်သေးလို့ မတင်တဲ့ကိစ္စတွေ၊ ဒီလိုကိစ္စတွေ ငါ့မှာတော်တော်များများ ရှိနေသေးတယ် ဘေဘီ။

ဒိတ်ပျောက်။

mgyoe.com

mgyoe.com

# ဟုတ်တယ် ပြဿနာ

ပြဿနာက အစပဲ
အစကို ပြန်ရောက်ချင်လို့
ကြိုးတစ်လျှောက်ဆို နောက်ပြန်တန်းတန်း
အဝိုင်းမှာဆို ပြန်ကွေ့လျှောက်ခဲ့ရပေါ့အလီလီ
အစဆိုတာ ပြဿနာပဲ တစစ်စစ် အတွင်းသားကိုပဲရွေးပြီး
ကိုက်ခဲနေတဲ့အရာဟာ လေးလံထုံကျဉ်နေလျက်
ကြိုးဟာ ဆွေးလက်စ တော်တော်လေးဆွေးဆွေး
ပြာလို မှုန်ဝါး သွားတော့မတတ်
အရိပ်တောင် နင်းဖြတ်မရလောက်အောင်
ဆက်လက်ဆဲ စက်ဝိုင်းထောင်ချောက်ကိုပတ်
ချာချာလည်အောင် ပတ်မိသူ တာဝေးအပြေးသမား
တစ်ယောက် အစရှာမရတဲ့အထိ အရိပ်ထဲကို
ခန္ဓာကိုယ်သားက ပြန်လည်တိုးဝင်ပျောက်ဆုံးနေမှု
ထွက်ပေါက်ဟာ ရေတွင်းပျက်ထဲ ခုန်ချဖို့သာ
တိကျသေသပ်နေမှုများအကြား
ရေပုံးလေးကြိုးနဲ့အတူ ပါသွားဖူးတယ်။

mgyoe.com

mgyoe.com



# သတိမုန်တိုင်းငယ်

တကယ်ကြီး အိပ်မက်မှာ
ရေထဲက ငါးတစ်ကောင် ဖြစ်သွားတယ်
ပြီးတော့ အမြီးကနေ နောက်ပြန်ဆွဲခံလိုက်ရတယ်
လူကဘောလုံးလို လုံးတက်လာတယ်
သော့ကိုကိုင်တာနဲ့ သော့ကပွင့်သွားတယ်
ကွေးထားတဲ့လက်လည်း ပြန်မဆန့်လိုက်ရသေးဘဲ
အပိုင်းပိုင်းအပြတ်ပြတ်တွေ အဝေးက
ဝါးပင်အချင်းချင်း ပွတ်တိုက်သံတွေ
တစ်ဖက်မှ ထိန်းလို့ရမနေတဲ့ အပြည့်အကျပ်
ရေဆူပူဖောင်းတွေက အနှံ့အပြားမှာ
ပလုံစီတက်လို့ ပြဿနာပါလား
မျက်စိရှေ့မှာ ရုပ်ရှင်ပြနေသလိုတွေ
လာမြင်နေတယ် ဗိုက်ထဲဝင်ပြီး ကြည့်လို့ရလိုက်သေးတယ်

mgyoe.com

mgyoe.com


အတိတ်ဘဝ ကလီစာတွေ အနံ့အသက်တွေ မြေကြီးလို
အဝါရောင်ပြင်တစ်ခုမြင်ပြီး ရပ်တန့်နေသလိုနဲ့
ပျက်စီးသွား ရေပန်းခရားက ရေတွေပန်းထွက်နေ
လေဆင်နှာမောင်းလို နားထင်ဘေးအပေါ် နားကနေ
ကပ်ပြီးလည်နေတဲ့ အမှုန်အမွှားတွေ လူလောက်ရှိတဲ့
ပုလင်းကြီးထဲ ဆီးစေ့တွေထည့်ပြီး ခလောက်နေသလိုပဲလေ
မြင်လိုက်ရသေးတယ် နှာခေါင်းပတ်ဝန်းမှာ မီးခိုဖြူဖြူတွေလို
တိမ်အလိပ်လိုက်တွေ ပင့်ကူက
မျက်နှာပေါ် တက်အလာ ပါးမှာတအားယား
ရှစိစိဖြစ်တုန်းက တစ်ခါ
မျက်စိဖွင့် ပါးကို ပွတ်ကြည့်ဖူးတယ်
တကယ်က ဘာမှမဟုတ်ရပါ
ကိုယ့်ဟာကိုယ်ရှက်သွားခဲ့ရ။

နှင်းဆီဖြူစာပေအနုပညာဂျာနယ်။

mgyoe.com

mgyoe.com



## အားလုံးသိတဲ့အတိုင်း ပျော်ရွှင်မှုဟာ အယောင်ဆောင်

ညနေခင်းတိမ်တွေက ရွှေလျှားပြနေတယ်
ဟိုအဝေးကြီးက အကြောင်းတွေဆီကို
တကယ်တော့ ငါ့မှာလဲ
ငါကိုယ်တိုင်တောင် ရှိတာ မဟုတ်ပါဘူး
မွေးကတည်းက အသေဘက်ကို
ပြေးနေခဲ့တာ တရစပ်
သူက ငါ့ကို အမှန်တကယ်နာကျင်စေခဲ့တာ
အမြဲတမ်းပထမဆုံးအချိန်ကို ပေးနေတုန်းပဲ
တိတ်ဆိတ်မှုနဲ့ ကိုယ့်ကိုယ်ကိုယ်
အရူးလုပ်နေရသလိုပဲပေါ့
ဆုံးရှုံးရမှာကို လိုတာထက်ပိုများ ကြောက်လာမိသလားပဲ
အကွာအဝေးကို ဘုရားသခင်တစ်ပါးလို
ငါယုံကြည်ခဲ့ရတယ်
တကယ့်ကို သွေးခြေဥခဲ့တဲ့အဖြစ်အပျက်တွေ
အားလုံးဟာ အရာရာ ဖြစ်ခဲ့ပါတယ်ပဲပေါ့
ထာဝရဆိုတာ ပြောဖို့ခက်ခဲပါတယ်
သွေးတွေလည်း အေးလာနေပြီ

mgyoe.com